# စစ်ကိုင်းရုပ်စုံကျောင်းမှ ပုံအညွန်းသင်္ကေတနှင့် ခံစားမှုရသလေ့လာချက်

မိုးမိုးအေး*


## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုပန်းပုလက်ရာများကို စာပေရှုထောင့်မှ လေ့လာထားခြင်း ဖြစ်သည်။ အလေ့လာခံအဖြစ် စစ်ကိုင်းမြို့တွင် အင်းဝခေတ်က ဆောက်လုပ်ခဲ့သော ရှေးဟောင်းပန်းပု ရုပ်စုံကျောင်းမှ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်များအကြောင်းကို ဖော်ထုတ်တင်ပြထားပါသည်။ ဤစာတမ်း၌ ပန်းပုလက်ရာ ဇာတ်ကြီးဆယ်ဘွဲ့ ပုံအညွန်းများနှင့် ခံစားရသော ရသများကို လေ့လာတင်ပြ ထားပါသည်။ ကွင်းဆင်းသုတေသန ပြုသောနည်းကို အသုံးပြု၍ လေ့လာတင်ပြထားပါသည်။ မြန်မာစာပေ လေ့လာမှု တွင်တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပြုနိုင်သော အကျိုးကျေးဇူးများရရှိနိုင်သည်ဟု ယုံကြည်ပါသည်။


**သော့ချက်စကားလုံး** - ပန်းပုရုပ်စုံ၊ သင်္ကေတ၊ အညွှန်းသင်္ကေတ၊ ပုံအညွှန်းသင်္ကေတ၊ ရသ။

## နိဒါန်း

လူသားတို့၏ ကြမ်းတမ်းသော စိတ်များကို နူးညံ့လာစေရန် ရသက တည့်မတ်ထိန်းထားပေးနိုင်ကြောင်း ရှေးပညာရှင်ကြီးများက သုံးသပ်၍ကောက်ချက်ချခဲ့ကြသည်။ လူတို့သည် စိတ်ပင်ပန်းလူပင်ပန်း ဖြစ်လာသည့် အချိန်တွင် မိမိဝါသနာပါရာ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်၊ အငြိမ့်၊ ဇာတ်ပွဲစသည့် ဖျော်ဖြေမှု အမျိုးမျိုးဖြင့် စိတ်အပန်းဖြေလေ့ရှိကြသည်။ ထိုပန်းချီ၊ ပန်းပု အနုပညာများမှပေးသော ရသကိုရှာဖွေကြသည်။ ဤစာတမ်းတွင် စစ်ကိုင်းရုပ်စုံကျောင်းရှိ မြန်မာ့လက်မှုအနုပညာ ပန်းပုရုပ်များမှညွှန်းဆိုသော ရသကို ဆက်စပ်ဖော်ထုတ်လိုခြင်း ဖြစ်ပါသည်။

စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ခရိုင်မြို့တစ်မြို့ဖြစ်ပြီး စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်တို့ ပါဝင်သည်။ ကျေးရွာပေါင်း (၂၀၇)ရွာရှိပြီး၊ မြို့ပေါ် ရပ်ကွက် (၁၈)ရပ်ကွက်၊ ကျေးရွာအုပ်စု(၈၁) အုပ်စု ပါဝင်သည်။

## ၁။ သုတေသနအင်္ဂါရပ်များ

ဤစာတမ်းကို ပြုစုရာတွင် သုတေသနအင်္ဂါရပ်များ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် အောက်ပါ သုတေသန ဆိုင်ရာ အချက်အလက်များနှင့် အညီ ပြုစုထားပါသည်။

(က) စာပေလေ့လာ ဆန်းစစ်မှု
(ခ) ပြုစုရခြင်း ရည်ရွယ်ချက်
(ဂ) လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ
(ဃ) သုတေသန နည်းလမ်း
(င) သုတေသန အစီအစဉ်

* မြန်မာစာဌာန၊ ပခုက္ကူတက္ကသိုလ်

## (က) စာပေလေ့လာဆန်းစစ်မှု

စစ်ကိုင်းပန်းပုရုပ်စုံကျောင်းကို ပန်းပုလက်ရာအနုပညာများ၊ ရုပ်စုံသမိုင်းကြောင်းများနှင့် ပတ်သက်၍ ရှေ့ကလေ့လာခဲ့ကြသူများနှင့် လေ့လာခဲ့ကြသော အချက်အလက်များကို စာတမ်း တစ်စောင်၏ အင်္ဂါရပ်နှင့်အညီ အကျဉ်းမျှတင်ပြပါမည်။

- မောင်မောင်လတ်၊ ဦး။ ။ ကမ္ဘာကျော် ပန်းပုရုပ်စုံကျောင်းက ဇာတ်တော် ပန်းပုရုပ်များ။

- ယဉ်လှိုင်း၊ မောင်(ပျဉ်းမငြိုင်)။ ။ မြန်မာမှု အဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ။

အထက်ပါစာအုပ်များတွင် ပန်းပုရုပ်စုံကျောင်းများ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ သမိုင်းရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်များမှ လေ့လာထားသော်လည်း ပန်းပုရုပ်စုံ ပုံအညွှန်းသင်္ကေတနှင့်ရသပိုင်း ဆက်စပ် လေ့လာ ထားသည့် စာပေရှုထောင့် လေ့လာမှုကို မတွေ့ရသေးပါ။ ထို့အတူ စစ်ကိုင်းရုပ်စုံကျောင်းနှင့် ပတ်သက်သော ဆောင်းပါးများတွင်လည်း ရှင်အရိယာဝံသ၏ ဂုဏ်ကို ဖော်ညွှန်းသော အကြောင်းအရာ များ၊ မြန်မာမှုအနုပညာ ပန်းပုလက်ရာ အကြောင်းများကို ဖော်ပြထားသော်လည်း ပန်းပုရုပ်များမှ တစ်ဆင့်ရရှိလာသော ရသကိုရေးသားထားသည့် စာတမ်းများ၊ ဆောင်းပါးများ မတွေ့ရသေးပါ။ ထို့ကြောင့် ဤစာတမ်းသည် အသစ်တွေ့ရှိချက်ကို ဖော်ပြထားသော သုတေသနစာတမ်းတစ်စောင် ဖြစ်ပါသည်။

## (ခ) ပြုစုရသော ရည်ရွယ်ချက်

မြန်မာ့ယဉ်ကျေးမှု ပန်းပုအနုပညာ လက်ရာများမှတစ်ဆင့် ပေးစွမ်းသော ရသခံစားမှုကို ဖော်ထုတ် တင်ပြလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။

## (ဂ)လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ပန်းပုရုပ်စုံကျောင်းမှ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်စုံများကို အလေ့လာခံအဖြစ် သတ်မှတ်ထားပါသည်။ ယခုလက်ရှိ ရုပ်စုံကျောင်းကို ထိန်းသိမ်းစောင့်ရှောက်နေ သော ဆရာတော် ဦးပညာဒီပကိုလည်း သိလိုသည်များ မေးမြန်းလျှောက် အကူအညီယူထားပါသည်။

## (ဃ) သုတေသနနည်းလမ်း

အချက်အလက်ရရှိရေးအတွက် စစ်ကိုင်းမြို့၊ ရုပ်စုံကျောင်းသို့ သွားရောက်၍ ကွင်းဆင်း လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ သုတေသနနည်းနာများအနက် အချက်အလက်ကောက်ယူ စုဆောင်း နည်းကို အသုံးပြုထားပါသည်။

**(င) သုတေသန အစီအစဉ်**

စစ်ကိုင်းရုပ်စုံကျောင်း ပန်းပုရုပ်စုံများမှ ပုံအညွှန်းသင်္ကေတနှင့် ခံစားမှုရသများကို လေ့လာတင်ပြရာတွင်

- ရုပ်စုံကျောင်းသမိုင်းအကျဉ်း
- အင်းဝခေတ်နှင့် ဘုရင်မင်းခေါင်
- စစ်ကိုင်းရုပ်စုံကျောင်းမှ ပုံအညွှန်းသင်္ကေတနှင့် ခံစားမှုရသ

ဟူ၍ တင်ပြသွားမည်ဖြစ်ပါသည်။

## ၂။ ရုပ်စုံကျောင်းသမိုင်းအကျဉ်း

စစ်ကိုင်းရုပ်စုံကျောင်းသည် စစ်ကိုင်းတောင် အဆင်းလမ်း ဆင်ဘိုးဘုရားအနီး အရိယာဝံသချောင်တွင် တည်ရှိသော ကျောင်းတော်ဖြစ်သည်။ အင်းဝဘုရင် ဒုတိယမင်းခေါင်က ရေငုံဆရာတော်ထံတွင် စာပေသင်ယူနေသော ရှင်အရိယာဝံသကို ကြည်ညိုသည့်အတွက် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း(၆၀၀)ခန့် သက်တမ်းရှိပြီဖြစ်သည်။ လက်ရှိတွင် ရုပ်စုံကျောင်းအနီး၌ ဆရာတော်ဦးပညာဒီပသည် ကျောင်းကို စောင့်ရှောက် သီတင်းသုံးလျက်ရှိသည်။

ရုပ်စုံကျောင်းဟု ခေါ်ဆိုရခြင်းမှာ မြတ်စွာဘုရားရှင် ပါရမီ ဖြည့်ကျင့်ခဲ့သော ''နှမှာငါးရာ ရင့်မာတစ်ကျိပ်'' ဆိုစကားအတိုင်း နိပါတ်ဇာတ်များနှင့် နောက်ဆုံးဆယ်ဘဝ ဇာတ်တော်များကို ပန်းပု ရုပ်ကြွများဖြင့် ပုံဖော်တန်ဆာ ထားသောကြောင့်ဖြစ်သည်။ ယခုအခါတွင် ကျောင်းဆောင်၏ မျက်နှာစာဖက်အခြမ်းဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်ကြွများသာ ကျန်ရှိတော့ပြီး နိပါတ်ဇာတ်တော်များမှာ မရှိတော့ပေ။ လက်ရှိပုံပေါင်း ပုံ (၅၀) သာ ကျန်ရှိတော့ သည်။

တေမိယဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၃)ပုံ၊ မဟာဇနကဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ(၃)ပုံ၊ သုဝဏ္ဏသာမဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၆)ပုံ၊ နေမိမင်းဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၂)ပုံ၊ မဟောသဓဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၄)ပုံ၊ ဘူရိဒတ် နဂါးမင်းဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၄)ပုံ၊ စန္ဒကုမာရ ဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၂)ပုံ၊ နာရဒဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ(၃)ပုံ၊ ဝိဒူရအမတ်ဇာတ်တော်ကိုဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၆)ပုံ၊ ဝေဿန္တရာဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၁၇) ပုံတို့ကိုသာ တွေ့ရှိရပါသည်။

**အင်းဝခေတ်နှင့် ဘုရင်မင်းခေါင်**

ပထမအင်းဝခေတ်(၇၂၆-၁၁၁၃)သည် မင်းဆက်ပေါင်း (၃၀) စိုးစံခဲ့သော ခေတ်တစ်ခေတ်ဖြစ်သည်။ သတိုးမင်းဖျားသည် သက္ကရာဇ် (၇၂၆)ခုတွင် အင်းဝကို စတင်တည်ထောင်ခဲ့သည်။ အင်းဝဘုရင် ဒုတိယ မင်းခေါင်(၈၄၂-၈၆၃) သည် ပြည်စုန်မင်း သီဟသူ၏ သားတော်ဖြစ်သည်။ အင်းဝခေတ်သည်

ခေတ်ကာလကြာရှည်ခြင်း၊ အေးချမ်းသာယာခြင်းတို့ကြောင့် စာဆိုတော်များနှင့် လက်ရာမွန် စာပေများလည်း အများအပြား ထွန်းကားသော ခေတ်ဖြစ်သည်။

စာပေအနေနှင့် ကျောက်စာခေတ်မှ ပေစာခေတ်သို့ ကူးပြောင်းသော ခေတ်တစ်ခေတ် ဖြစ်သည်။ ရဟန်းစာဆိုနှင့် နန်းတွင်းဝန်းကျင်စာဆိုများ အများအပြား ပေါ်ထွန်းခဲ့သော ခေတ်တစ်ခေတ် ဖြစ်သည်။ အလှူမှတ်တမ်း ကျောက်စာများ တွေ့ရသကဲ့သို့ ပေစာဖြင့် မှတ်တမ်း တင်သော ပျို့၊ ချေင်း၊ မော်ကွန်း၊ တောလား၊ မေတ္တာစာ၊ ရတုကဗျာများ ထွန်းကားသော ခေတ်ဖြစ်သည်။ စကားပြေအနေဖြင့် ရှင်မဟာသီလဝံသ ရေးသားသည့် ရာဇဝင်ကျော်နှင့် ပါရာယနဝတ္ထု တို့သာ တွေ့ရှိရပါသည်။

## ၄။ စစ်ကိုင်းမြို့ရုပ်စုံကျောင်းမှ ပုံအညွှန်းသင်္ကေတနှင့် ခံစားမှုရသ

အနုပညာအနွယ်ဝင် စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဓာတ်သဘင်၊ ရုပ်ရှင် စသည်တို့မှာ လူသားတို့၏ စိတ်နှလုံးကို အေးချမ်းမှု၊ နှစ်သက်မှု ရသတစ်ခုခုကို ပေးစွမ်းနိုင်သည်။ စာသားဖြင့်သရုပ်ဖော်ခြင်း၊ ပုံဖြင့် သရုပ်ဖော်ခြင်း၊ လူကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခြင်း စသည်ဖြင့် အမျိုးအမည် ကွဲပြား သော်လည်း ရသပေးနိုင်မှု၊ ရသရရှိမှုမှာ အတူတူပင်ဖြစ်သည်။

### ၄၊ ၁။ သင်္ကေတဗေဒ

လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပေးနေသော အဓိကအချက်မှာ ဘာသာစကားဖြစ်သည်။ လူ့အဖွဲ့အစည်းတွင် ဘာသာစကားသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူတစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ဆက်သွယ်ရာတွင် စာအရေးအသားဖြင့်လည်းကောင်း၊ အသံဖြင့်လည်းကောင်း၊ ဟန်ပန်အမူအရာ ဖြင့်လည်းကောင်း၊ သင်္ကေတများဖြင့် ဆက်သွယ်ကြသည်။

ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က သင်္ကေတဗေဒနိဒါန်း စာအုပ်တွင် သင်္ကေတသုံးမျိုးရှိကြောင်း ယင်းတို့မှာ ''ပုံသင်္ကေတ၊ အညွှန်းသင်္ကေတနှင့် သဘောတူသတ်မှတ်ထားသော သင်္ကေတ'' တို့ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပုံသင်္ကေတသည် အညွှန်းခံနှင့် ပုံချင်းတူသော သင်္ကေတဖြစ်သည်။ ဓာတ်ပုံ၊ ပုံတူပန်းချီကား၊ မြန်မာပြည် မြေပုံ၊ ဆောက်လုပ်မည့် တံတားပုံစံငယ်၊ ''ဖြည်းဖြည်းမောင်း ကျောင်းရှိသည်'' စာတမ်းနှင့် အတူ ရေးဆွဲထားသော ကျောင်းပုံနှင့် ကျောင်းသားပုံ စသည်တို့သည် ပုံသင်္ကေတများ ဖြစ်သည်။ ထို့ပြင် အသံကို တူအောင်ဖော်ပြသော 'ဒိုင်း'(သေနတ်သံ)၊ ပလုတ်တုတ်ဖြုန်း (ဖြောတီးသံ)၊ တောက်တဲ့ (တောက်တဲ့အော်သံ)၊ ဂျိုးဂျိုးဂျိမ်းဂျိမ်း(မိုးခြိမ်းသံ)၊ အောက်အီးအီးအွတ် (ကြက်တွန်သံ) စသည့် မြည်သံစွဲများ၊ မုန်တိုင်းသံနှင့်တူအောင် ဖန်တီးထားသော ဂီတသံများ၊ နုတ်စ်ပေါ်ပေါက်ပုံနှင့် ကပြသော ခြေဟန်လက်ဟန်များသည် ပုံသင်္ကေတများပင် ဖြစ်သည်။ (ခင်မင်၊မောင် (ဓနုဖြူ)၊ ၂၀၁၆၊ စာ-၁၅)

အညွှန်းသင်္ကေတသည် အညွှန်းခံနှင့်တစ်နည်းနည်း ကြောင်းကျိုးဆက်သွယ်မှုရှိသော သင်္ကေတမျိုးဖြစ်သည်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများမှ ဗေဒါသည်လောကခံအနိမ့်အမြင့်ကို

ရင်ဆိုင်ရသော လူ့သဘာဝကို ရည်ညွှန်းသည့် အညွှန်းသင်္ကေတ ဖြစ်သည်။ (ခင်မင်၊မောင်(ဓနုဖြူ)၊ ၂၀၁၆၊ စာ-၁၅-၁၆)

သင်္ကေတနှင့် အညွှန်းခံတို့ ဆက်သွယ်မှုကိုကြည့်လျှင် ပုံသင်္ကေတက ပုံချင်းတူသည်။ အညွှန်းသင်္ကေတက ကြောင်းကျိုးဆက်သွယ်မှုရှိသည်။ မြန်မာပြည်မြေပုံ ဆိုကြပါစို့၊ အညွှန်းခံ ဖြစ်သော မြန်မာပြည်နှင့် ပုံချင်း တူသည့်အတွက် ပုံသင်္ကေတဖြစ်သလို မြန်မာပြည်မြေပုံနှင့် မြန်မာပြည်တို့ ကြောင်းကျိုးဆက်စပ် နေသည့်အတွက် အညွှန်းသင်္ကေတလည်းဖြစ်သည်။ (ခင်မင်၊မောင်(ဓနုဖြူ)၊ ၂၀၁၆၊ စာ-၁၆-၁၇)

ထို့ကြောင့် ပုံအညွှန်းသင်္ကေတသည် ဖော်ပြလိုသော၊ ရည်ညွှန်းလိုသော အရာတစ်ခုခုကို ပုံဖြင့် သင်္ကေတ ပြု၍ အာရုံပုံရိပ်ထင်စေခြင်း၊ ထိုအာရုံပုံရိပ်မှ တစ်ဆင့် သိမြင်စေခြင်းသဘောဖြစ် ပါသည်။

စာဖတ်ပရိသတ် သို့မဟုတ် အနုပညာပစ္စည်းတစ်ခုခုကို ကြည့်မြင်သူ ပရိသတ်သည် အာရုံ အမူအရာတစ်ခုခုကို မြင်ရ၊ ကြားရ၊ သိရသည့်အခါ ခံစားမှုတစ်ခုခု ဖြစ်ပေါ်လာတတ်ပါသည်။ ထိုခံစားမှုကြောင့် ဖြစ်ပေါ်လာသော ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကရုဏာဖြစ်ခြင်းစသည့် စိတ်လှုပ်ရှားမှုများ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာစေသည်။ ထိုမှ ဘဝအသိ၊ ဘဝသတိ ဖြစ်စေခြင်းသည် ရသ၊ အာနိသင်ရသ နှစ်သက်ခြင်းပင် ဖြစ်သည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် မြတ်စွာဘုရားရှင်၏ နောက်ဆုံးဆယ်ဘဝ ဇာတ်တော်များကို ပန်းပုရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ ထိုပန်းပုရုပ်ကြွများသည် ဇာတ်ကြီးဆယ်ဘွဲ့ ပုံချင်းတူသည့်အတွက် ပုံသင်္ကေတဖြစ်သကဲ့သို့ ပုံနှင့်ဇာတ်တော် ကြောင်းကျိုးဆက်စပ် ဖော်ညွှန်းနေသောကြောင့် အညွှန်းသင်္ကေတများလည်း ဖြစ်နေပါသည်။ ထို့ကြောင့် စစ်ကိုင်းရုပ်စုံကျောင်းရှိ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်ကြွများသည် ပုံအညွှန်း သင်္ကေတများပင်ဖြစ်သည်။ ပန်းပုရုပ်ကြွများသည် ဇာတ်တော်တစ်ပုဒ်ကို ဖတ်ရသကဲ့သို့၊ ဇာတ်ပွဲတစ်ပွဲကို ကြည့်ရှုနေရသကဲ့သို့ပင် အာရုံပုံရိပ်များမှ တစ်ဆင့် ရသကို ခံစားရနိုင်ပါသည်။

## ဇာတ်ကြီးဆယ်ဘွဲ့

"တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ" ဟု အကျဉ်း မှတ်သားထားသော မြတ်စွာဘုရားရှင်၏ နောက်ဆုံးဘဝ ဆယ်ဘဝသည် ဗုဒ္ဓဘာသာဝင်တိုင်းနှင့် အိပ်ယာဝင် ပုံပြင်သဖွယ် ရင်းနှီးပြီးသား ဇာတ်တော်များဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း၏ အာရုံပုံရိပ်တွင် အကြောင်းဆက်စပ်မှုရှိတိုင်း စွဲထင်လာစမြဲဖြစ်ပါသည်။

## တေမိယဇာတ်တော်

မြတ်စွာဘုရားရှင်၏ နောက်ဆုံးဆယ်ဘဝထဲမှ ပထမဆုံး ဘဝဇာတ်တော်ဖြစ်သည်။ တေမိယမင်းသားလေးသည် ဖခမည်းတော်က ချစ်မြတ်နိုးခြင်းခံရသူဖြစ်သဖြင့် ရင်ခွင်ပိုက်ညီလာခံ ခေါ်လေ့ရှိသည်။ တစ်ခုသောညီလာခံတွင် သားတော်ကိုရင်ခွင်ပိုက်လျက်ပင် ခိုးသားများကို အပြစ်ဒဏ်စီရင်ခဲ့

သည်။ ပါရမီဉာဏ်ရင့်သန်သော တေမိယမင်းသားလေးက ခိုးသားကို ပြစ်ဒဏ်စီရင်၍ ငရဲခံရသော ဘဝဟောင်းအား သတိရမိသည်။ ထို့ကြောင့် ဘုရင်ဖြစ်လိုသောဆန္ဒ မရှိတော့ပေ။ အကြောင်းရင်းကို သိသော် ဘဝဟောင်းမှ မယ်တော် ထီးချက်စောင့်နတ်သမီးက အကြံပေး၍ တေမိယမင်းသားသည် ဆွံ့အယောင်ဆောင်လေသည်။

တေမိယမင်းသားလေး စကားမပြောသောအခါ စကားပြောလာစေရန်အတွက် အသက်အရွယ် အလိုက် အမျိုးမျိုးသော စမ်းသပ်မှုများဖြင့် စမ်းသပ်ခဲ့ကြသည်။ သို့သော် တေမိယမင်းသားလေးသည် အသက် (၁၆)နှစ် အရွယ်သို့ ရောက်ရှိသည့်တိုင်အောင် စကားမပြောခဲ့ပေ။ နောက်ဆုံးတွင် တေမိယ မင်းသား၏ မယ်တော်က သားတော်ကို ထီးနန်းပေးပါရန် မင်းကြီးအား တောင်းဆိုခဲ့သည်။ (၇)နှစ်မှ စ၍ တောင်းဆိုရာ မင်းကြီးက (၇)ရက် မင်းပြုခွင့်ပေးလိုက်သည်။ ထို(၇)ရက်တွင်လည်း တေမိယမင်းသားမှာ စကားပြောဆိုခြင်းမရှိခဲ့ပေ။ နောက်ဆုံးတွင် တေမိယမင်းသားကို မြေမြှုပ်သတ်ရန် ရထားထိန်းအား တာဝန်ပေးလိုက်သည်။ တေမိယမင်းသားအား မြေမြှုပ်သတ်ရန် ရထားထိန်းက ကျင်းတူးနေစဉ် မင်းသား က စကားပြော၍ တရားဟောလေသည်။

စစ်ကိုင်းပန်းပုရုပ်စုံကျောင်းတွင် တေမိယဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၃)ပုံ တွေ့ရှိရပါသည်။

**ဇာတ်ကွက်(၁)** တွင် လက်နောက်ပြန် ကြိုးတုပ်ထားသည့် သူတစ်ဦး၊ ထိုသူကို အမတ်အဝတ်တန်ဆာ ဆင်ယင်ထား သောသူတစ်ဦးက ပခုံးနှိမ်ထားပုံ၊ ပလ္လင်ပေါ်တွင် ရှင်ဘုရင်အဝတ်တန်ဆာ ဆင်ယင်ထားသူတစ်ဦးက ကလေးငယ်ကို ရင်ခွင်ပိုက်လျက် သံလျက်ကိုမြှောက် တစ်စုံတစ်ခု ပြောကြားနေဟန်

**ဇာတ်ကွက်(၂)** တွင် စောင်းတီးနေသော လုလင်ပျိုတစ်ဦး၊ မိန်းမပျိုတစ်ဦးနှင့် ထိုနှစ်ဦး၏ အလယ် အနည်းငယ် မြင့်သောနေရာတွင် မင်းသားအဝတ်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦး ငြိမ်သက်နေဟန်

**ဇာတ်ကွက်(၃)** တွင် လူတစ်ဦးမှပေါက်ပြားဖြင့် မြေတူးနေဟန်၊ ထိုသူ၏နောက်မှ မင်းသားအဝတ် တန်ဆာနှင့် သူတစ်ဦးက တစ်စုံတစ်ခု ပြောနေဟန်စသည့် ပန်းပုရုပ်ကြွဇာတ်ကွက် (၃)ဖြင့် အနှစ်ချုပ်၍ ပုံဖော်ထားသည်ကို တွေ့ရပါသည်။ တေမိယဇာတ်တော်ဟု ဖတ်မိ၊ ကြားမိသည်နှင့် ဖခင်က ရင်ခွင်ပိုက်တရားစီရင်ခြင်း၊ ဆွံ့အယောင် ဆောင်ခြင်း၊ ရထားထိန်းကို တေမိယမင်းသားက စကားပြောခြင်း၊ တရားဟောခြင်း ဇာတ်ကွက်များ သည် အထင်ရှားဆုံး ဖြစ်သကဲ့သို့ အာရုံပုံရိပ်တွင် နေရာယူထားသော ဇာတ်ကွက်များ လည်း ဖြစ်သည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော တေမိဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၃)ကွက်သည် မူလဇာတ်တော်၏ အဓိကဦးတည်ချက်ကို ပေါ်လွင်စေသည့် ဇာတ်ကွက်များဖြစ်ကြောင်း တွေ့ရပါသည်။ တေမိယ ဇာတ်တော်ကို ဖော်ညွှန်းသည့် ဇာတ်ကွက်များကိုကြည့်၍ တေမိယမင်းသား၏

တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမည်ကို ကြောက်ရွံ့သောစိတ်ကို မြင်လာစေသော ဘယာနကရသ၊ စကားမပြောဘဲ ဆွံ့အယောင်ဆောင်၍ အလိုရှိသည်များကို သည်းခံစိတ်၊ ခိုင်မာသောစိတ်၊ တည်ကြည်ရဲရင့်သော စိတ်တို့ကို မြင်သာကြောင်း တွေ့ရသည်။ ထို့မှုမက ထီးနန်းစည်းစိမ်ကို စွန့်နိုင်သောစိတ်တို့ကို မြင်လာစေပြီး အေးချမ်းသည့် သန္တရသကိုလည်း ရရှိစေသည်။








**မဟာဇနကဇာတ်တော်**

မဟာဇနကဇာတ်တော်သည် မြတ်ဗုဒ္ဓ၏နောက်ဆုံးဆယ်ဘဝမှ ဒုတိယမြောက် ဘဝဇာတ်တော်ဖြစ်သည်။ မဟာဇနကမင်းကြီးတွင် သားတော်အရိဋ္ဌဇနကနှင့် ပေါလဇနကဟူ၍ သားတော်နှစ်ပါးရှိသည်။ မဟာဇနက မင်းကြီးနတ်ရွာစံသောအခါတွင် သားတော်ကြီး အရိဋ္ဌဇနက နန်းတက်တော်မူပြီး ညီတော် ပေါလဇနကကို အိမ်ရှေ့အရာပေးတော်မူသည်။ ထို့နောက် အမတ်တစ်ယောက်၏ ကုန်းချောစကားကြောင့် နောင်တော်အရိဋ္ဌဇနကသည် ညီတော်အပေါ် အထင်လွဲမှား၍ သံခြေချင်းဖြင့် အချုပ်ချထားသည်။ ညီတော်ပေါလဇနကသည် မှန်သောသစ္စာ စကားကိုဆို၍ အချုပ်အနှောင်မှ လွတ်မြောက်သော် ထွက်ပြေးလေသည်။

ပေါလဇနကသည် နယ်စွန်နယ်ဖျားတွင် အခြေချနေထိုင်ရင်း လာရောက်ခိုလှုံသူ များပြားလာကာ နောင်တော်ထံမှ ထီးနန်းကို ပြန်လည်အရယူရန် အကြံဖြစ်လာသည်။ ထို့နောက် လူသူလက်နက် စုဆောင်းပြီး ပြန်လည်တိုက်ခိုက်ရာ အရိဋ္ဌဇနကသည် စစ်ပွဲတွင်နတ်ရွာစံတော်မူသည်။ အရိဋ္ဌဇနက၏ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာဖြင့် ထွက်ပြေးရလေသည်။ ဒိသာပါမောက္ခကြီး တစ်ဦးထံတွင် ခိုလှုံနေထိုင်ရင်း သားတော်လေး တစ်ပါးဖွားမြင်ရာ အဘိုး၏ အမည်နာမကိုယူလျက် မဟာဇနကဟု အမည်ပေးခဲ့သည်။

ဇနကမင်းသားသည် အရွယ်ရောက်သောအခါ ကုန်သွယ်အမှု ပြုလိုသောကြောင့် မိခင်ထံ ခွင့်ပန်လျက် ရေကြောင်းခရီး သွားခဲ့သည်။ လမ်းခရီးတွင် မိုးသက်မုန်တိုင်းမိ၍ သင်္ဘောမှောက်သောအခါ လိုက်ပါလာသော လူအများသည် ကြောက်လန့်တကြား ကိုးကွယ်ရာမရ ဖြစ်ကြပြီး နောက်ဆုံးတွင် ငါးမန်းအစာဖြစ်ကာ အသက်ဆုံးရှုံးကြရသည်။ ဇနကမင်းသားသည် ပျားရည်စိမ်သော အဝတ်ပုဆိုးကိုဝတ်လျက် ရွက်တိုင်ထိပ်မှ ငါးမန်းများ လွတ်ရာသို့ ခုန်ချခဲ့သည်။ သမုဒ္ဒရာထဲတွင် (၇)ရက်တိုင်တိုင် ကူးခတ်နေစဉ် မဏိမေခလာ နတ်သမီးက ကယ်တင်၍ မိထိလာဥယျာဉ်တော်ရှိ ကျောက်ဖျာထက်တွင် တင်ပေးခဲ့သည်။ ထိုအချိန်တွင် မိထိလာပြည်၌ ဘုရင်ကြီးနတ်ရွာစံချိန်ဖြစ်သည်။ ထို့ကြောင့် လစ်လပ်နေသော မင်းနေရာအတွက် ဖုဿရထားစေလွှတ်ရာ ကျောက်ဖျာရှိရာသို့ ဆိုက်ရောက်သည်။ ထို့နောက်

ကျောက်ဖျာထက်တွင် အိပ်ပျော်နေသော ဇနကမင်းသားအား ဘုရင်ဖြစ်ထိုက်သူ ဟုတ်မဟုတ် မေးခွန်းများဖြင့် စမ်းသပ်မေးမြန်း၍ မင်းမြှောက်ကြသည်။

စစ်ကိုင်းပန်းပုရုပ်စုံကျောင်းတွင် မဟာဇနကဇာတ်တော်နှင့်ဆိုင်သော ပန်းပုရုပ်ကြွ (၃)ပုံတွေ့ရှိရပါသည်။

ဇာတ်ကွက်(၁) တွင် လှိုင်းထနေသော ရေပြင်တွင် တိမ်းစောင်းနေသော ရွက်တိုင်ပါသည့် သင်္ဘောလှေတစ်စီးနှင့် ယောကျ်ားပျို တစ်ဦး ခုန်ဆင်းနေဟန်

ဇာတ်ကွက်(၂) တွင် သမုဒ္ဒရာအလယ်တွင် နတ်သမီးအဝတ်အစား ဆင်ယင်ထားသူတစ်ဦးကို သိကြားမင်း အဝတ်အစား ဆင်ယင်ထားသူတစ်ဦးမှ တစ်စုံတစ်ခု ပြောကြားနေဟန်

ဇာတ်ကွက်(၃) တွင်စီးနင်းရသော ရထားတစ်စီး၊ အိပ်ပျော်နေသော လုလင်ပျိုတစ်ဦး၊ အမတ် အဆင်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦး၊ မိန်းမပျိုတစ်ဦး ပုံဖော်ထားဟန်

စသည်ဖြင့် ပန်းပုရုပ်ကြွ ဇာတ်ကွက်(၃)ဖြင့် အနှစ်ချုပ်ကာ ထိထိမိမိ ပုံဖော်ထားကြောင်း တွေ့ရပါသည်။

မဟာဇနကဇာတ်တော်ကို ကြားမိသည်၊ ဖတ်မိသည်နှင့် တစ်ပြိုင်နက် မဟာဇနကမင်းသား သင်္ဘော ပျက်ခြင်း ကြုံရပုံ၊ သမုဒ္ဒရာထဲ၌ (၇)ရက်တိုင်တိုင် ကူးခတ်ပုံ၊ သိကြားမင်းက မဏိမေခလာ နတ်သမီးအား ဇနက မင်းသားကို ကယ်တင်ရန် စေခိုင်းပုံ၊ မဏိမေခလာ နတ်သမီးနှင့် ဇနကမင်းသား စကားဆိုပုံ၊ ကျောက်ဖျာထက်တွင်ရောက်ရှိပုံ၊ ဖုဿရထားဆိုက်ရောက်ပုံ၊ မိထိလာထီးနန်းကိုရရှိပုံ စသည့် ဇာတ်ကွက်များသည် အာရုံပုံရိပ်တွင် ထင်လာရသည် ဖြစ်သည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော မဟာဇနကဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၃)ကွက် သည် မူလဇာတ်တော်၏ အဓိကဦးတည်ချက်ကို ပေါ်လွင်စေသည့် ဇာတ်ကွက်များဖြစ်ကြောင်း တွေ့ရပါသည်။ မဟာဇနကဇာတ်တော်ကို ဖော်ညွှန်းသည့် ပုံများမှတစ်ဆင့် ဇနကမင်းသားသင်္ဘော ပျက်ခြင်း ကြုံရသောအချိန်တွင် သင်္ဘောပေါ်တွင် ပါရှိသောသူများ ငါးမန်းစာ ဖြစ်သွားရခြင်းအကြောင်း ဆက်စပ်လျက် ကြောက်ရွံ့စိတ် ဘယာနကရသကို ခံစားရစေပါသည်။ သမုဒ္ဒရာထဲတွင် ဖွဲ့မလျှော့ဘဲ (၇)ရက်တိုင် ကူးခတ်နေသော မဟာဇနကမင်းသား၏ လုံ့လဝီရိယကို အားကျစိတ်တက်ကြွသည့် ဝီရရသ၊ ထီးနန်းကို ရရှိပြီးနောက် စည်းစိမ်ချမ်းသာကို စွန့်နိုင်သောစိတ် အေးချမ်းသည့် သန္တရသတို့ကို ခံစားရစေပါသည်။



**သုဝဏ္ဏသာမဇာတ်တော်**

မြတ်စွာဘုရားရှင် နောက်ဆုံးဆယ်ဘဝမှတတိယမြောက် ဘဝဖြစ်စဉ် ဇာတ်တော်တစ်ခု ဖြစ်သည်။ ဒုကုလနှင့် ပါရိကာတို့သည် တံငါရွာတွင် မွေးဖွားလာကြသူများ ဖြစ်သော်လည်း တံငါလုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုခဲ့ပေ။ သီလဆောက်တည်သူများ ဖြစ်ကြသည်။ မိဘများက လက်ဆက်ပေးသော်လည်း မောင်နှမကဲ့သို့ နေထိုင်ကြသည်။ ဒုကုလနှင့်ပါရိကာတို့သည် ဘဝဟောင်းက ဝဋ်ကြွေးကြောင့် နောင်တစ်ချိန်တွင် မျက်စိကွယ်မည်ကို သိကြားမင်း ကသိသဖြင့် တန်ခိုးတော်နှင့်ကူညီပေးခဲ့ရာ သားတော်လေးတစ်ပါး ဖွားမြင်ခဲ့သည်။ သုဝဏ္ဏသာမဟု အမည်တွင်သည်။

ဒုကုလနှင့် ပါရိကာတို့သည် တစ်ရက်၌ သစ်သီးရှာသွားရင်း မိုးသည်းထန်စွာရွာသဖြင့် သစ်ပင်ရိပ်တွင် မိုးခိုရာ တောင်ပို့ထဲမှမြွေက အဆိပ်နှင့်မှုတ်ခြင်းခံရ၍ မျက်စိကွယ်လေသည်။ ထိုအချိန်မှစ၍ သုဝဏ္ဏသာမက မျက်မမြင်မိဘနှစ်ပါးကို ကျွေးမွေးပြုစုခဲ့သည်။ တစ်ရက်တွင်ရေခပ်ဆင်းရာ တောလည်လာသော ဘုရင်တစ်ပါးက သုဝဏ္ဏသာမမင်းသားကို သမင်နှင့်အမှတ်မှား၍ ပစ်ခတ်မိသဖြင့် အဆိပ်မြားသင့်ခဲ့သည်။ မြားနှင့်ပစ်ပြီးသောအခါမှ သုဝဏ္ဏသာမကို လူသားမှန်းသိပြီး မိဘများကိုသွား၍ အကျိုးအကြောင်းရှင်းပြခဲ့သည်။ မိဘများက သားဆီပို့ပေးရန် ပြောခဲ့သည်။ သားဆီသို့အရောက်တွင် မိဘများကသစ္စာဆိုရာ သုဝဏ္ဏသာမ အသက်ပြန်ရှင်လာလေသည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် သုဝဏ္ဏသာမဇာတ်တော်ကို ဖော်ညွှန်းသော ပန်းပုရုပ်ကြွ (၆)ပုံ တွေ့ရပါသည်။

ဇာတ်ကွက်(၁) သိကြားမင်းအဝတ်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦးနှင့် ရသေ့အသွင် ဆင်ယင်ထားသူတစ်ဦး ကျေးငှက်၊ သစ်ပင်များဖြင့် တောတွင်းတစ်နေရာကို ပုံဖော်ထားဟန်

ဇာတ်ကွက်(၂) သိကြားမင်း အဝတ်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦးနှင့် ရေဖူးကျည်ထောက်ကို ကိုင်ဆောင်ထားသော မိန်းမပျိုတစ်ဦး သစ်ပင်များဖြင့် တောတွင်းတစ်နေရာကို ပုံဖော်ထားဟန်

ဇာတ်ကွက်(၃) လေးမြားလက်နက်ကိုင်ဆောင်လျက် ရှင်ဘုရင်အဝတ်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦးနှင့် ရေဖူးကျည်ထောက် သယ်ဆောင်ထားသော သမင်တစ်ကောင်၊ သစ်ပင်များစွာဖြင့် တောတွင်း တစ်နေရာ ပုံဖော်ထားဟန်

ဇာတ်ကွက်(၄) ရှင်ဘုရင်အဝတ်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦးက ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးကို နွယ်ကြိုးကမ်း၍ ခေါ်လာဟန်

ဇာတ်ကွက်(၅) လူငယ်တစ်ဦး လဲလျောင်းနေပြီး ခေါင်းရင်းတွင် ယောကျ်ားတစ်ဦး၊ ခြေရင်းတွင် မိန်းမတစ်ဦးတို့ ငိုကြွေးနေဟန်

ဇာတ်ကွက်(၆) ရှင်ဘုရင်အဝတ်တန်ဆာ ဆင်မြန်းထားသူတစ်ဦးနှင့် ရေအိုးကိုင်ထားသော လူငယ်တစ်ဦး ပြုံးရွှင်သော မျက်နှာထားဖြင့် ရှိနေဟန်

စသည့် ပန်းပုရုပ်ကြွ ဇာတ်ကွက် (၆)ခုကို တွေ့ရပါသည်။

သုဝဏ္ဏသာမဇာတ်တော်ကို ကြားမိသည်၊ ဖတ်မိသည်နှင့်တစ်ပြိုင်နက် ဒုကုလနှင့်ပါရိကာတို့ မျက်စိကွယ်ရပုံ၊ သုဝဏ္ဏသာမမင်းသား မိဘကိုလုပ်ကျွေးပြုစုပုံ၊ သမင်နှင့်အမုတ်မှား၍ မြားဖြင့် ပစ်ခတ်ခံရပုံ၊ အမိအဖသစ္စာဆို၍ အသက်ပြန်ရှင်လာပုံ၊ သားရွှေအိုးထမ်း ပြန်လာသည်ကို မြင်ပါရစေဟူသော ဆုတောင်းစကား စသည့် ဇာတ်ကွက်များသည် အာရုံပုံရိပ်တွင် ထင်လာရသည် ဖြစ်သည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော မဟာဇနကဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၃)ကွက်သည် မူလဇာတ်တော်၏ အဓိကဦးတည်ချက်ကို ပေါ်လွင်စေသည့် ဇာတ်ကွက်များဖြစ်ကြောင်း တွေ့ရပါသည်။ သုဝဏ္ဏသာမဇာတ်တော်ကို ဖော်ညွှန်းသည့်ပုံများအရ ဒုကုလနှင့်ပါရိကာ မျက်စိကွယ်ခန်းနှင့် ဆက်စပ်လျက်လည်းကောင်း သုဝဏ္ဏသာမမင်းသား မြားပစ်ခံရခန်းနှင့် ဆက်စပ်လျက်လည်းကောင်း အသက်ဘေးကို ကြောက်ရွံ့စိတ် ဘယာနကရသ၊ သုဝဏ္ဏသာမမြားမှန်၍ အမိအဖတို့ ငိုကြွေးပုံကိုမြင်ရသော အခန်းတွင် သားသမီး ဆုံးရှုံးရသော မိဘတို့၏ခံစားမှုကို သနားစိတ် ကရုဏာရသ၊ သုဝဏ္ဏသာမမင်းသား မိဘကိုလုပ်ကျွေးပြုစုခန်းနှင့် ဆက်စပ်လျက်လည်းကောင်း၊ အမိအဖသစ္စာဆို၍ သုဝဏ္ဏသာမမင်းသား အသက်ပြန်ရှင်လာခန်းနှင့် ဆက်စပ်လျက်လည်းကောင်း ကြည်နူးမှု၊ အေးချမ်းမှု သန္တရသတို့ကို ခံစားရစေပါသည်။




**နေမိမင်းဇာတ်တော်**

မြတ်စွာဘုရားရှင် နောက်ဆုံးဆယ်ဘဝတွင် စတုတ္ထမြောက် ဘဝဇာတ်တော် ဖြစ်သည်။ နေမိမင်းကြီးသည် တရားတတ်သော မင်းတစ်ပါးဖြစ်သည်။ လူ့ပြည်သာမက နတ်ပြည်ထိပါ သတင်းကျော်စောသူဖြစ်သည်။ သိကြားမင်း၏ လျှောက်ထားတောင်းပန်မှုကြောင့် နတ်ပြည်သို့တက်၍ တရားဟောရသည်။ မာတလိနတ်သားက ဝေဇယန္တာရထားဖြင့် လာရောက်ပင့်ဆောင်သောအခါ ပထမဦးစွာ ငရဲပြည်သို့ သွားရောက်တရားဟောသည်။ ထို့နောက်တွင်မှ နတ်ပြည်သို့တက်၍ တရားဟောသည်။

ငရဲပြည်၊ နတ်ပြည်တို့မှ တရားဟောပြီး အပြန် ကြုံတွေ့ခဲ့ ရသော အတွေ့အကြုံများကို လူ့ပြည်သို့ ပြန်ရောက်သောအခါ လူတို့အား ပြန်လည် တရားဟောခဲ့သည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် နေမိဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ (၂)ပုံ တွေ့ရပါသည်။

ဇာတ်ကွက်(၁) တွင် မြင်းကသော ရထားတစ်စီး၏ ထက်တွင် ဘုရင် အဆင်တန်ဆာ ဆင်မြန်းထားသူ တစ်ဦးကို နတ်သားအဆင်တန်ဆာ ဆင်မြန်းထားသူတစ်ဦးက လက်အုပ်ချီ၍ တစ်စုံ တစ်ခုကို လျှောက်ထားနေဟန်

ဇာတ်ကွက်(၂) တွင် ဘုရင်အဆင်တန်ဆာ ဆင်မြန်းထားသူတစ်ဦးမှ မြင့်သောတစ်နေရာတွင် ထိုင်လျက် နတ်သား အဆင်တန်ဆာ ဝတ်ဆင်ထားသူနှစ်ဦးမှ လက်အုပ်ချီလျက် ထိုင်နေဟန်

စသည့် ပန်းပုရုပ်ကြွ ဇာတ်ကွက် (၂)ကွက်ကို တွေ့ရပါသည်။

နေမိဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် နေမိမင်းကြီး နတ်ပြည်သို့ ကြွမြန်းခြင်း၊ နတ်ပြည်၌ တရား ဟောခြင်း အဖြစ်အပျက်များသည် အာရုံပုံရိပ်တွင် ထင်ဟပ်လာသည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော နေမိမင်းဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၂)ကွက်သည် မူလဇာတ်တော်၏ အဓိကဇာတ်ဆောင် နေမိမင်းကြီး နတ်ပြည်ကြွမြန်းသည့်အကြောင်း၊ နတ်ပြည်တွင် တရားဟောသည့်အကြောင်းကို ပေါ်လွင်စေသည့် ဇာတ်ကွက်များ ဖြစ်ကြောင်းတွေ့ရပါ သည်။ ဤဇာတ်တော်တွင် ဇာတ်ကွက် (၂)ကွက်ဖြင့်သာ အနှစ်ချုပ်၍ ထိထိမိမိ တင်ပြထားသည်ကို တွေ့ရပါသည်။ တရားကိုနှစ်သက်စိတ်တို့ကို ဖြစ်ပေါ်စေပြီး စိတ်ကြည်နူးမှု သန္တရသကို ခံစားရစေပါ သည်။






**မဟောသဓဇာတ်တော်**

မြတ်စွာဘုရားရှင်၏နောက်ဆုံး ဆယ်ဘဝဇာတ်တော်ထဲမှ ပဉ္စမမြောက်ဘဝဇာတ်တော်ဖြစ်သည်။ မဟောသဓသည် ငယ်စဉ်ကပင် ပညာအရာ၌သူမတူအောင် ဉာဏ်ပညာကြီးသူဖြစ်သည်။ ဇရပ် တစ်စောင်ဆောက်လုပ်၍ ဖွားဘက်တော် တစ်ထောင်နှင့်စံမြန်းသည်။ အနီးအနားတွင်ဖြစ်ပွားသော ပြဿနာများကိုလည်း ဖြေရှင်းပေးလေ့ရှိသည်။ အရွယ်ရောက်လာသောအခါ အမရာနှင့်ဆုံတွေ့၍ လက်ဆက်ခဲ့သည်။ ဝိဒေဟရာဇ် မင်းကြီး၏ ချီးမြှင့်မြှောက်စားခြင်းကိုခံရသည်။ မင်းကြီးက မဟောသဓ

ကို ဦးစားပေးသည့်အတွက် ကျန်ပညာရှိ အမတ်လေးဦးတို့၏ အကောက်ကြံမှုကို မကြာခဏခံရသည်။ သို့သော် မဟောသဓပညာရှိသည် အမှုကိစ္စမှန်သမျှ ဖြေရှင်းနိုင်သည်ချည်း ဖြစ်သည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် မဟောသဓဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ (၄)ပုံ တွေ့ရပါသည်။

ဇာတ်ကွက်(၁) တွင် ဘီလူးအသွင်ခေါင်းဆောင်း အမျိုးသမီးတစ်ဦး၊ ကလေးငယ်ကို ရင်ခွင်ပိုက်လျက် လူသားအမျိုးသမီးတစ်ဦးနှင့် ထိုနှစ်ဦး၏အလယ် အမြင့်တစ်နေရာတွင် ပညာရှိအမတ် အဝတ်တန်ဆာ ဝတ်ဆင်ထားသော လူငယ်တစ်ဦး လက်ညှိုးထောင်လျက် တစ်စုံတစ်ခု ပြောကြားနေဟန် (သားတရားစီရင်ခန်း)

ဇာတ်ကွက်(၂) တွင် ယောကျ်ား နှစ်ဦးနှင့် နွားတစ်ကောင်၊ ထိုနှစ်ဦး၏အလယ် အမြင့်တစ်နေရာတွင် ပညာရှိ အမတ်အဝတ်တန်ဆာ ဝတ်ဆင်ထားသော လူငယ်တစ်ဦး လက်ညှိုးထောင် လျက် တစ်စုံတစ်ခု ပြောကြားနေဟန် (နွားတရား စီရင်ခန်း)

ဇာတ်ကွက်(၃) တွင် လုလင်ပျိုတစ်ဦး လက်သီးဆုပ်ပြနေဟန်နှင့် တောင်းရွက်ထားသော အမျိုးသမီး တစ်ဦး လက်ဝါးဖြန့်ပြနေဟန်

ဇာတ်ကွက်(၄) တွင် ယောကျ်ားသုံးဦးအလယ်တွင် အိုးများချလျက် တစ်စုံတစ်ခု ပြုလုပ်နေဟန်

စသည့် ပန်းပုရုပ်ကြွ ဇာတ်ကွက်လေးခုကို တွေ့ရှိရပါသည်။

မဟောသဓဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် တရားစီရင်ခန်းများသည် မပါမဖြစ် မြင်ယောင် လာမည်ဖြစ်သကဲ့သို့ ကြင်ယာတော် တော်လေးဝင် အမရာဒေဝီနှင့် တွေ့ဆုံပုံ၊ လက်သီးဆုပ်၍ အိမ်ထောင်ရှိ၊ မရှိ မေးမြန်းပုံ၊ လက်ဝါးဖြန့်လျက် အိမ်ထောင်မရှိကြောင်း ပြန်လည်ဖြေကြားပုံ၊ ပညာရှိ သုခမိန်လေးဦးတို့က မဟောသဓအား အကောက်ကြံကြံပုံစသည့် အဖြစ်အပျက်များသည် အာရုံပုံရိပ် တွင် ထင်ဟပ်လာသည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော မဟောသဓဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၄)ကွက် သည် မူလဇာတ်တော်၏ အကြောင်းအရာ အဖြစ်အပျက်အားလုံးကို ဖော်ကျူးနိုင်ခြင်း မရှိသော်လည်း မဟောသဓဇာတ်၏ အဓိကအချက်ဖြစ်သည့် တရားစီရင်ခန်း၊ အမရာနှင့်တွေ့ဆုံခန်း အမတ်ကြီးများ၏ အကောက်ကြံခံရခန်းတို့မှာ ဇာတ်တော်၏အရေးပါသော အခန်းများကို ဖော်ပြနိုင် သည်ဟုဆိုနိုင်ပါသည်။ မဟောသဓ ဇာတ်တော် ကို ဖော်ညွှန်းသည့်ပုံများအရ မဟောသဓနှင့် အမရာတို့ တွေ့ဆုံခန်းသည် မြန်မာစကားထာတို့၏ မြစ်ဖျားခံရာ နှစ်သက်ကြည်နူးဖွယ် သိင်္ဂါရရသ၊ မဟောသဓ ပညာရှိအား အမတ်လေးဦးတို့မှ အကောက်ကြံသဖြင့် အိုးထိန်းသည် အိမ်တိမ်းရှောင်ခန်းတွင် အမရာ၏ ပညာဉာဏ်ကြီးမှု၊ ရဲရင့်သော ဇနီးကောင်းပီသမှုကို ပေါ်လွင်စေသည့် ဇာတ်ကွက်ဖြစ်ပြီး နှစ်သက် သဘောကျစိတ် ဝီရရသ၊ မဟောသဓ၏ ဖြောင့်မတ်သော တရားစီရင်ခြင်း နှစ်သက်အေးချမ်းခြင်း သန္တရသတို့ကို ခံစားရစေပါသည်။










**ဘူရိဒတ်ဇာတ်တော်**

ဓတရဋ္ဌနဂါးမင်းသည် ဗာရာဏသီမင်း၏ သမီးတော်ကိုလက်ဆက်ရန် နဂါးတမန်များကို လူအသွင် ဖန်ဆင်းလျက်လွှတ်လိုက်သည်။ ဗာရာဏသီမင်းသည် သမီးတော်ကို နဂါးနှင့်လက်ဆက် မပေးလိုကြောင်း ပြင်းထန်စွာတုံ့ပြန်ခဲ့သည်။ ထိုတုံ့ပြန်မှုအပေါ် နဂါးမင်းသည်အမျက်ထွက်၍ ဗာရာဏသီ တစ်ပြည်လုံးကို ခြိမ်းခြောက်ခဲ့သည်။ နောက်ဆုံးတွင် ဗာရာဏသီမင်းသည် သမီးတော်သမုဒ္ဒဇာကို နဂါးမင်းနှင့် လက်ဆက်ပေးလိုက်ရသည်။

နဂါးမင်းနှင့် သမုဒ္ဒဇာမိဖုရားတို့သည် သားတော်လေးပါး ဖွားမြင်သည်။ ယင်းသားတော် လေးပါးအနက် ဘူရိဒတ္တသည် မြေပြင်ကဲ့သို့ ကျယ်ပြောသော ပညာဉာဏ်ရှိသဖြင့် ဘူရိဒတ္တ(သို့မဟုတ်) ဘူရိဒတ်ဟု အမည်တွင်သည်။

ဘူရိဒတ်နဂါးသည် ယမုံနာမြစ်ကမ်းပါးတစ်နေရာတွင် တရားကျင့် ဥပုသ်ဆောက်တည်လေ့ရှိ သည်။ တစ်နေ့တွင် ဘူရိဒတ်နဂါးမင်းကို အလမ္ပာယ်ဆရာတွေ့ရှိသွားပြီး ဖမ်းဆီးခြင်းကိုခံရသည်။ အလမ္ပာယ်ဆရာက အလမ္ပာယ်ကစားခြင်းဖြင့် ငွေရှာသောကြောင့် ဘူရိဒတ်နဂါးသည် ကြီးစွာသော ပင်ပန်းဆင်းရဲခြင်းကို ဖြစ်ရသည်။

နဂါးပြည်မှ မယ်တော်သည် အိပ်မက်မကောင်းသဖြင့် ကျန်သားတော်များကို ဘူရိဒတ်အား ရှာရန်လွှတ်လိုက်သည်။ ဘူရိဒတ်၏ အစ်ကိုတော်နဂါးသည် လိုက်လံရှာဖွေရာ ဗာရာဏသီနန်းရင်ပြင် တွင် အလမ္ပာယ်ဆရာ ၏လက်၌ နှိပ်စက်ခံနေရသော ဘူရိဒတ်ကို တွေ့လေသည်။ အစ်ကိုတော်နဂါးနှင့် နှမတော်တို့က ကယ်သဖြင့် ဘူရိဒတ်နဂါးမှာ ပြန်လည်လွတ်မြောက် ချမ်းသာရာရလေသည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် ဘူရိဒတ်ဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ (၄)ပုံတွေ့ရပါ သည်။

ဇာတ်ကွက်(၁) တွင် နောက်ခံနန်းပြာသာဒ်ရှေ့တွင် လူယောက်ျားတစ်ဦး၏ ကျောပြင်ကို လူယောက်ျား တစ်ဦးမှ ထုထောင်းနေပုံ

ဇာတ်ကွက်(၂)တွင် ဆင်စီးချင်း ထိုးနေပုံ

ဇာတ်ကွက် (၃) တွင်ပခြုပ်အတွင်းမှ နဂါးတစ်ကောင် အမောက်ထောင်လျက်ရှိပုံ၊ ဘေးတွင် လူယောက်ျားတစ်ဦးမှ ပလွေမှုတ်နေပုံ၊ ပလ္လင်ထက်မှ ရှင်ဘုရင်အဝတ်တန်ဆာ ဆင်မြန်းထားသူ တစ်ဦးက ကြည့်ရှုနေပုံ

ဇာတ်ကွက်(၄) တွင်ပခြုပ်အတွင်းမှ နဂါးတစ်ကောင် အမောက်ထောင်လျက်ရှိပုံ၊ ဘေးတွင်လူယောကျ်ား
တစ်ဦးထိုင်နေပုံ၊ ရသေ့တစ်ဦးရပ်လျက် ရှိနေပုံ

စသည့် ပန်းပုရုပ်ကြွ ဇာတ်ကွက် (၄)ခုကို တွေ့ရပါသည်။

ဘူရိဒတ်ဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် ဘူရိဒတ်နဂါးမင်း လူ့ပြည်တွင်လာ၍ ဥပုသ် ဆောက်တည်ခြင်း၊ အလမ္ဗာယ်ဆရာ၏ အဖမ်းခံရခြင်း၊ အလမ္ဗာယ်ဆရာလက်တွင် ဘူရိဒတ်နဂါးမင်း ပင်ပန်းဆင်းရဲ ဒုက္ခခံရခြင်း၊ အစ်ကိုတော်နှင့် နှမနဂါးမတို့မှ လူ့ပြည်သို့လိုက်လံရှာဖွေ ကယ်တင်ခြင်း စသည့် အဖြစ်အပျက်များသည် အာရုံပုံရိပ် တွင် ထင်ဟပ်လာသည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော ဘူရိဒတ်ဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၄)ကွက်သည် ဇာတ်တော်တစ်ခုလုံးကို အနှစ်ချုပ်တင်ပြနိုင်သည်ဟု မဆိုနိုင်ပါ။ သို့သော် ဇာတ်တော် တစ်ခုလုံး၏ အရေးပါသောအချက်အား ဖော်ကျူးထားနိုင်ပါသည်။ ဘူရိဒတ် ဇာတ်တော်ကို ဇာတ်ကွက် (၄)ကွက်ဖြင့်သာ ထိထိမိမိ တင်ပြထားကြောင်း တွေ့ရပါသည်။ ပုံအညွှန်းများအရ အလမ္ဗာယ်ဆရာ၏ လက်တွင် ဘူရိဒတ်နဂါးမင်း နှိပ်စက်ခံရခြင်း အကြောင်းကို သိမြင်ရသောအခါ သနားခြင်း ကရုဏာရသ၊ နဂါးမင်း၏ သီလ၊ သမာဓိ တည်ကြည်မှုကို သိမြင်ရ သောအခါ သန္တရသတို့ကို ခံစားရစေပါသည်။




**စန္ဒကုမာရဇာတ်တော်**

မြတ်စွာဘုရားရှင်၏ နောက်ဆုံးဆယ်ဘဝမှ သတ္တမမြောက် ဘဝဇာတ်တော်ဖြစ်သည်။ စန္ဒကုမာရသည် ပုပ္ဖါဝတီပြည် ဧကရာဇ်မင်းကြီး၏ သားတော်လေးပါးအနက် အကြီးဆုံးသားတော် ဖြစ်သည်။ နှလုံးရည်အားဖြင့် စိတ်ထားမွန်မြတ်ပြီး တရားမျှတမှုကို လိုလားသူဖြစ်သကဲ့သို့ လက်ရုံးရည် အားဖြင့် ဆင်းစီး၊ မြင်းစီး အတတ်တို့ကိုလည်း ကျွမ်းကျင်သူဖြစ်သည်။

ပုပ္ဖါဝတီပြည်၏အမတ် ခဏ္ဍဟာလသည် တရားစီရင်ရာ၌ လာဘ်စားသူဖြစ်သည်။ မင်းကြီးသည် အမတ်ကြီး၏ တရားစီရင်ပုံ နည်းလမ်းမကျသည်ကိုသိသဖြင့် သားတော်စန္ဒကုမာရကို တရားစီရင်စေ သည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ခဏ္ဍဟာလပုဏ္ဏားသည် အငြိုးထားလေသည်။

တစ်ရက်တွင် မင်းကြီးသည် နတ်ပြည်၏ ကြီးကျယ်ခမ်းနားမှုကို အိပ်မက်မြင်မက်လေသည်။ ပုဏ္ဏားအား အိပ်မက်နိမိတ် ဖတ်စေသောအခါ ကောင်းသော အတိတ်နိမိတ်ဖြစ်ကြောင်း၊ မင်းကြီး နတ်ပြည်ရောက်ရန်အတွက် လေးမျိုးသော ယဇ်ပူဇော်ရမည်ဖြစ်ကြောင်း အငြိုးဖြင့်မကောင်းသော အကြံပေးလေသည်။ သားလေးပါး၊ သူဌေး လေးယောက်၊ ဆင်လေးစီး၊ မြင်းလေးစီးစသည်ဖြင့် စီရင်ရမည်

ဖြစ်သည်။ မင်းကြီးလည်း နတ်ပြည်ရောက် လိုသော ဆန္ဒဖြစ်မိ၍ ပုဏ္ဏားပေးသော အကြံကိုလက်ခံပြီး အစီအရင်ပြုလုပ်ရန် ကြိုးစားလေသည်။

စန္ဒကုမာရ၏ မိဖုရားက သစ္စာတိုင်တည်သောအခါ သိကြားမင်းဆင်းလာ၍ မင်းနှင့်ပုဏ္ဏားကို ပြစ်ဒဏ် ပေးလေသည်။ ထို့နောက် သိကြားမင်းက တိုင်းပြည်ကို စန္ဒကုမာရမင်းသားအား အုပ်ချုပ်စေသည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် စန္ဒကုမာရဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ (၂)ပုံ တွေ့ရပါသည်။

ဇာတ်ကွက်(၁) တွင် ထိုင်နေသောမင်းသားတစ်ပါးနှင့် မင်းသမီးတစ်ပါး၏နောက်တွင် သိကြားမင်း အဝတ်တန်ဆာ ဆင်ယင်ထားသူတစ်ဦး ရှိနေဟန်

ဇာတ်ကွက်(၂) တွင် သန်လျက်ကိုင်ထားသူတစ်ဦး၊ မင်းသားတစ်ပါး၊ နွားတစ်ကောင်၊ ဆင်တစ်ကောင် ရှိနေဟန်

စသည့် ပန်းပုရုပ်ကြွ ဇာတ်ကွက် (၂)ခု တွေ့ရပါသည်။

စန္ဒကုမာရဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် စန္ဒကုမာရမင်းသား လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံပုံ၊ အမတ်ပုဏ္ဏား တံစိုးလက်ဆောင်ယူပုံ၊ သိကြားမင်းက ကူညီပုံ စသည့် အဖြစ်အပျက် များသည် အာရုံပုံရိပ်တွင် ထင်ဟပ်လာသည်။ ရုပ်စုံကျောင်းတွင် ထွင်းထုထားသော စန္ဒကုမာရဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၂)ကွက်သည် မူလဇာတ်တော်၏ အဓိကအချက်ဖြစ်သည့် စန္ဒကုမာရ မင်းသားနှင့်မိဖုရားတို့ကို သိကြားမင်းက စောင့်ရှောက်ခြင်း၊ မင်းကြီးနတ်ပြည်ရောက်လိုသော ဆန္ဒကြောင့် ယတြာချေသည့် ဇာတ်ကွက်တို့မှာ ဇာတ်တော် တစ်ခုလုံး၏ အနှစ်ချုပ်ဖော်ပြနိုင်သည်ဟု ဆိုနိုင်ပါသည်။ ဤဇာတ်တော်တွင် ဇာတ်ကွက် (၂) ကွက်ဖြင့်သာ ထိထိမိမိတင်ပြထားသည်ကို တွေ့ရပါသည်။ ခဏ္ဍဟာလပုဏ္ဏား အကောက်ကြံမှု ဝိဘစ္ဆရသ၊ စန္ဒကုမာရမင်းသား နှင့်မိဖုရားတို့၏ ဖြောင့်မတ်မှန်ကန်မှုကြောင့် သိကြားမင်းကစောင့်ရှောက်ခြင်း၊ စန္ဒကုမာရမင်းသား တရားသဖြင့် အမှုစီရင်ခြင်းကို နှစ်သက်မှု၊ မိဖုရား၏သစ္စာတရား မှန်ကန်မှုတို့ကြောင့် သိကြားမင်းက ကူညီစောင့်ရှောက်မှု စသည်တို့ကို နှစ်သက်စိတ် ကြည်နူးမှု သန္တရသကို ခံစားရစေပါသည်။






**နာရဒဇာတ်တော်**

မြတ်စွာဘုရားရှင်၏ ပါရမီဖြည့်ကျင့်သော နောက်ဆုံးဆယ်ဘဝမှ အဋ္ဌမမြောက် ဘဝဇာတ်တော် ဖြစ်သည်။ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်တွင် အင်္ဂတိမည်သောမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့် အညီ အုပ်ချုပ်သော မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်သည်။ မြို့တံခါးလေးရပ်တွင်လည်း မဏ္ဍပ်ကြီးများ ထိုးကာ နေ့စဉ်အလှူအတန်း ပြုလုပ်လျက်ရှိသည်။ ပြည်သူပြည်သား အများကလည်း မင်းကြီးအပေါ် ချစ်ကြည်ညိုလျက် ရှိကြသည်။

အင်္ဂတိမင်းတွင် ရုစာဒေဝီအမည်ရှိသော သမီးတော်တစ်ပါးသာရှိသည် သမီးတော် ရုစာဒေဝီသည် ရုပ်အဆင်းတင့်တယ်သကဲ့သို့ စိတ်ထားလည်း ဖြောင့်မတ်မှန်ကန်သူဖြစ်သည်။ လွန်လေပြီးသော ဘဝ (၇)ဘဝကို ပြန်လည် မှတ်မိသိရှိသောသူဖြစ်သည်။ (၁၅) ရက်တစ်ကြိမ် ဖခင်ထံမှ အသပြာတစ်ထောင် တောင်းခံလျက် လှူဒါန်းပေးကမ်းလေ့ရှိသည်။

တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့တွင် မိထိလာပြည်၌ နက္ခတ်ပွဲသဘင် ကျင်းပလျက် ရှိသည်။ အင်္ဂတိမင်းကြီးသည်လည်း ဤမျှသာယာသော အချိန်ကာလ၌ မည်သို့သော အမှုကိစ္စကိုပြုလျှင် ကောင်းမည်နည်း ဟု အမတ်များနှင့် တိုင်ပင်သည်။

အမတ်များကလည်း သင့်နိုးရာရာကို လျှောက်တင်ကြကုန်သည်။ နောက်ဆုံးတွင် တောမှီ ရဟန်း တစ်ပါးထံသွား၍ ဆည်းကပ်နာယူရန် အကြံပေးချက်ကို လက်ခံလိုက်သည်။ တောမှီတက္ကတွန်းထံ ရောက်သောအခါ နောက်ဘဝဆိုသည်မှာမရှိကြောင်း ယခုလက်ရှိဘဝတွင်သာ အကောင်းဆုံး ပျော်ရွှင်စွာ နေထိုင်သင့်ကြောင်းပြောဆိုရာ မင်းကြီးလည်း ထိုနေ့မှစ၍ တရားကိုမေ့ကာ အပျော်အပါးကိစ္စ၌သာ အချိန်ကုန်နေလေသည်။ သမီးတော် ဖြောင့်ဖျသည်ကိုလည်း လက်မခံတော့ပေ။ ထို့ကြောင့် ရုစာဒေဝီက သစ္စာဆို တိုင်တည်သဖြင့် ဘုရားလောင်း နာရဒဗြဟ္မာသည် ရသေ့အသွင်ဆောင်လျက် လာရောက် ဆုံးမလေသည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် နာရဒဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ (၃)ပုံတွေ့ ရပါ သည်။

ဇာတ်ကွက်(၁) တွင် ခြသေ့်အသွင် ခေါင်းဆောင်းထားသောသူတစ်ဦးနှင့် နဂါးအသွင် ခေါင်းဆောင်း ထားသော သူတစ်ဦးတို့ ထိုင်နေဟန်

ဇာတ်ကွက်(၂) တွင် ဘုရင် အဝတ်တန်ဆာ ဆင်ယင်ထားသူတစ်ဦးနှင့် သိကြားမင်း အဝတ်တန်ဆာ ဆင်ယင်ထား သူ တစ်ဦးတို့ ထိုင်နေဟန်

ဇာတ်ကွက်(၃) တွင် ပလ္လင်ထက်တွင် ဘုရင်အဆင်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦး၊ မင်းသမီး အဝတ် တန်ဆာ ဆင်ယင်ထားသူတစ်ဦး ဥစ္စာထောင်ထုပ်ကို ကိုင်ထားဟန်၊ အနိမ့်တစ်နေရာတွင် မူးမတ်တစ်ဦးမှ ဒူးတုပ်ခစားနေဟန်

စသည့် ပန်းပုရုပ်ကြွ (၃)ခုကို တွေ့ရပါသည်။

နာရဒဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် အင်္ဂတိမင်းကြီး အယူလွဲမှားပုံ၊ သမီးတော် ရုစာဒေဝီ၏ အလှူအတန်းရက်ရောပုံ၊ နာရဒဗြဟ္မာ လူ့ပြည်သို့ဆင်း၍ တရားဟောပုံစသည့် အဖြစ်အပျက်များသည် အာရုံပုံရိပ်တွင် ထင်ဟပ်လာသည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော နာရဒဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၃)ကွက်သည် မူလဇာတ်တော်၏ အဓိကဦးတည်ချက်ကို ပေါ်လွင်မှုအားနည်းကြောင်း တွေ့ရပါသည်။ မူရင်းဇာတ်တော်ကို သိထားမှသာ ဇာတ်ကွက်၏ ဆိုလိုရင်းကို သိနိုင်မည်ဖြစ်သည်။ ဤဇာတ်တော်တွင် ဇာတ်ကွက် (၃)ကွက်ဖြင့် တင်ပြထားသည်ကို တွေ့ရပါသည်။ သမီးတော်ရုစာဒေဝီ၏ အလှူဒါနအတွက် ကြည်နူးစိတ်၊ နာရဒဗြဟ္မာ၏ တရားကိုနှစ်သက်စိတ် စသည်တို့ကိုဖြစ်ပေါ်စေပြီး စိတ်ကြည်နူးမှု သန္တရသကို ခံစားရစေပါသည်။



## ဝိဓူရဇာတ်တော်

မြတ်စွာဘုရား၏ ပါရမီရင့်စဉ် နောက်ဆုံးဆယ်ဘဝမှ နဝမမြောက် ဘဝဇာတ်တော်ဖြစ်သည်။ နဂါးမင်း၏ မိဖုရားကြီးက ဝိဓူရ၏တရားကို နာလိုသောကြောင့် ဝိဓူရ၏အသည်းကို စားလိုပါသည်ဟု သွယ်ဝိုက်သော စကားကိုဆိုခဲ့သည်။ ထိုစကားကြောင့် နဂါးမင်းသမီးလေးသည် မယ်တော်၏ ဆန္ဒကို ဖြည့်ပေးနိုင်သူအား လက်ဆက်ပါမည်ဟု ကတိပြုခဲ့သည်။

ပုဏ္ဏကဘီလူးသည် နဂါးမင်းသမီးကို လိုချင်သောကြောင့် ဝိဓူရကိုရနိုင်ရန် အကြံထုတ်ခဲ့သည်။ မင်းကြီး နှင့် ကြွေအန်ကစား၍ ဝိဓူရကိုတောင်းခဲ့သည်။ ထို့နောက် ဝိဓူရကို တောင်စောင်းနှင့်ရိုက်ခြင်း၊ ပုတ်ခတ်ခြင်း အမျိုးမျိုးပြုလုပ်လေသည်။ ဝိဓူရအမတ်က ဘီလူးကို အကျိုးအကြောင်း မေးသောအခါ နဂါးမင်း၏ မိဖုရားကြီးက ဝိဓူရ၏အသည်းနှလုံးကိုရလို၍ ဖြစ်ကြောင်းသိရသည်။ ဝိဓူရ၏ အသည်းနှလုံးဟူသည်မှာ မိမိဟောသောတရားကို နာယူလိုခြင်းဖြစ်ကြောင်းရှင်းပြ၍ ဝိဓူရသည် ပုဏ္ဏကဘီလူးကို တရားဟောလေသည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် ဝိဓူရဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ (၆)ပုံတွေ့ရ ပါသည်။

ဇာတ်ကွက်(၁) တွင် ရသေ့အသွင် လူတစ်ဦးမှမတ်တပ်ရပ်လျက်၊ ဘုရင်တန်ဆာ ဆင်ထားသူတစ်ဦးနှင့် မိဖုရား အဆင်တန်ဆာ ဆင်ထားသူတစ်ဦးတို့ လက်အုပ်ချီ ဒူးတုပ်လျက်ရှိနေဟန်

ဇာတ်ကွက်(၂) တွင် ဘီလူးအသွင်သူတစ်ဦးက မြင်းစီးလျက်၊ နဂါးခေါင်းဆောင်းထားသော မိန်းမပျိုတစ်ဦးနှင့် စကားဆိုနေဟန်

ဇာတ်ကွက်(၃) တွင် ဘုရင်အဝတ်တန်ဆာ ဆင်ယင်ထားသူတစ်ဦးနှင့် ဘီလူးအသွင်တစ်ဦး ကြွေအန်ကစားနေဟန်

ဇာတ်ကွက်(၄) တွင် သံလျက်ကိုင်ထားသော ဘီလူးတောတွင်းတစ်နေရာ ရောက်ရှိနေဟန်

ဇာတ်ကွက်(၅) တွင် သံလျက်ကိုင်ထားသော ဘီလူးက လူတစ်ဦးအား ဇောက်ထိုး ထမ်းထားဟန်

ဇာတ်ကွက်(၆) တွင် ဘီလူးအသွင်တစ်ဦးနှင့် နဂါးခေါင်းဆောင်းထားသော မိန်းမပျိုတစ်ဦးတို့အား ပညာရှိအမတ်တစ်ဦးက ပလ္လင်ထက်မှ တရားဟောနေဟန်

ဝိဓူရဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် နဂါးမိဖုရား တရားနာလို၍ နေမကောင်းဟန်ဆောင်ခြင်း၊ ပုဏ္ဏကဘီလူးနှင့် မင်းကြီးတို့ ကြွေအန်ကစားခြင်း၊ ပုဏ္ဏကဘီလူးက ဝိဓူရကိုနှိပ်စက်ခြင်း၊ ဝိဓူရအမတ် နဂါးပြည်သို့သွား၍ တရားဟောခြင်းစသည့် အဖြစ်အပျက်များသည် အာရုံပုံရိပ်တွင် ထင်ဟပ်လာသည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော ဝိဓူရဇာတ်တော်နှင့် သက်ဆိုင်သည့်ဇာတ်ကွက် (၆)ကွက်သည် မူလဇာတ်တော်၏ အဓိကဦးတည်ချက်ကို ပေါ်လွင်စေသည့် ဇာတ်ကွက်များဖြစ်ကြောင်း တွေ့ရပါသည်။ ဤဇာတ်တော်တွင် ဇာတ်ကွက် (၆) ကွက်ဖြင့် တင်ပြထားသည်ကို တွေ့ရပါသည်။ ဘီလူး၏ ပညာဉာဏ်နည်းပါးမှုအပေါ် သနားစိတ် ကရုဏာရသ၊ ဝိဓူရအမတ်ကို ဘီလူးက အမျိုးမျိုးနှိပ်စက်မှုသိရှိရသော အခါကြောက်ရွံ့စိတ် ဘယာနကရသ၊ ဝိဓူရအမတ်၏ တရားကိုနှစ်သက်စိတ် စိတ်ကြည်နူးမှု သန္တရသကို ခံစားရစေပါသည်။




**ဝေဿန္တရာဇာတ်တော်**

မြတ်စွာဘုရားရှင်၏ နောက်ဆုံးဆယ်ဘဝမှ ဒသမမြောက်ဘဝဇာတ်တော် ဖြစ်ပါသည်။ ဝေဿန္တရာမင်းသည် ငယ်စဉ်ကပင် အလှူပေးကြူးသူဖြစ်သည်။ တိုင်းပြည့်ရတနာ ဆင်ဖြူတော်ပစ္စယကို လှူဒါန်းလိုက်သော ကြောင့် တိုင်းပြည်မှနှင်ထုတ်ခြင်းခံရသည်။

ဇူဇကာပုဏ္ဏားသည် အသက်အရွယ်ငယ်သည့် အမိတ္တာပုံနှင့် လက်ဆက်မိသည့်အတွက် ပတ်ဝန်းကျင်၏ ကဲ့ရဲ့ခြင်း၊ အမိတ္တာပုံ၏ ပြုစုခြင်းတို့ကို ခံရသူဖြစ်သည်။ နောက်ဆုံးတွင် အမိတ္တာပုံ၏ အကြံဉာဏ်ပေးချက်အရ ကျွန်အရှာထွက်ခဲ့သည်။

ဝေဿန္တရာမင်းသည် ဟိမဝန္တာတောထဲသို့ ဇူဇကာပုဏ္ဏား ရောက်လာပြီး သားနှင့်သမီးကို အလှူခံလာသည့် အခါတွင်လည်း လှူဒါန်းခဲ့သည်။ သိကြားမင်းက ပုဏ္ဏားအယောင်ဆောင်၍ မဒ္ဒီဒေဝီကို အလှူခံသော အခါတွင်လည်း လှူဒါန်းခဲ့သူဖြစ်သည်။ ဝေဿန္တရာမင်းကြီးသည် နောက်ဆုံးဘဝ ပါရမီဖြည့်သည့်အနေဖြင့် စွန့်ခြင်းကြီးငါးပါးကို စွန့်ခဲ့သူ၊ စွန့်နိုင်သူ ဖြစ်သည်။

စစ်ကိုင်းရုပ်စုံကျောင်းတွင် ဝေဿန္တရာဇာတ်တော်ကို ဖော်ညွှန်းသည့် ပန်းပုရုပ်ကြွ(၁၇)ပုံ တွေ့ရပါသည်။

ဇာတ်ကွက်(၁)တွင် တောတွင်းတစ်နေရာ၌ ကလေးငယ်နှစ်ဦး ကစားနေဟန်

ဇာတ်ကွက်(၂)တွင် တောတွင်းတစ်နေရာရှိ အမြင့်တစ်နေရာတွင် ထိုင်နေသူက ရေစက်ချကရားကို ကိုင်လျက်၊ အောက်ဘက်တွင် လူတစ်ဦးက လက်အုပ်ချီလျက် ရှိနေဟန်

ဇာတ်ကွက်(၃)တွင် ပြာသာဒ်တင်ထားသော ဆင်တစ်စီး ဒူးတုပ်ဝပ်နေဟန်

ဇာတ်ကွက်(၄)တွင်ရထားတစ်စီးထက်တွင် ဘုရင်အဝတ်တန်ဆာ ဝတ်ဆင်ထားသူတစ်ဦး လိုက်ပါနေဟန်

ဇာတ်ကွက်(၅)တွင် ဆင်တစ်ကောင်ပေါ်တွင် ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး ပါရှိဟန်

ဇာတ်ကွက်(၆)တွင် ယောကျ်ားတစ်ဦးကို အမျိုးသမီး တစ်ဦးက သစ်သီးကပ်လှူနေဟန်

ဇာတ်ကွက်(၇)တွင် အမြင့်တစ်နေရာတွင် ထိုင်နေသော အမျိုးသားတစ်ဦးက တစ်စုံတစ်ခု ပြောကြားနေသည်ကို အမျိုးသမီး တစ်ဦးက လက်အုပ်ချီလျက် နာယူနေဟန်

ဇာတ်ကွက်(၈)တွင် တောတွင်းတစ်နေရာ၌ သားရဲတိရစ္ဆာန်ကြီးများ ရှိနေဟန်

ဇာတ်ကွက်(၉)တွင် ပုဏ္ဏားတစ်ဦးက ကလေးငယ်နှစ်ဦးကို ကြိုးဖြင့်ချည်နှောင်၍ ခေါ်ဆောင်သွားဟန်

ဇာတ်ကွက်(၁၀)တွင် အမြင့်တစ်နေရာတွင် ထိုင်နေသော အမျိုးသားတစ်ဦးကို အမျိုးသမီးတစ်ဦးမှ ရေတစ်ကောင်း ကမ်းပေးနေဟန်

ဇာတ်ကွက်(၁၁)တွင် ပုဏ္ဏားတစ်ဦးကို ယောကျ်ားပျိုတစ်ဦးက လမ်းညွှန်ပြနေဟန်

ဇာတ်ကွက်(၁၂)တွင် ပုဏ္ဏားတစ်ဦးနှင့် မုဆိုးတစ်ဦး တောတွင်းတစ်နေရာတွင် တွေ့ဆုံဟန်

ဇာတ်ကွက်(၁၃)တွင် ပုဏ္ဏားတစ်ဦး သစ်ပင်ထက်တွင် အိပ်နေဟန်

ဇာတ်ကွက်(၁၄)တွင် ပုဏ္ဏားတစ်ဦး တောတွင်းတစ်နေရာ ရောက်ရှိနေဟန်

ဇာတ်ကွက်(၁၅)တွင် အိမ်တစ်အိမ်၏ ရှေ့တွင် အမျိုးသမီးငယ်တစ်ဦးမှ ပုဏ္ဏားတစ်ဦးအား တစ်စုံတစ်ခု ပြောနေဟန်

ဇာတ်ကွက်(၁၆) တွင် လူယောကျ်ား တစ်ဦးက ရထားကို ဆွဲယူလာဟန်

ဇာတ်ကွက်(၁၇) တွင် လုလင်တစ်ဦး မြင်းစီးလာဟန်

ဝေဿန္တရာ ဇာတ်တော်ကို ဖတ်မိ၊ ကြားမိသည်နှင့် ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်လှူခြင်း၊ ဟိမဝန္တာတောသို့ နှင်ထုတ်ခံရခြင်း၊ မဒ္ဒီဒေဝီ သစ်သီးရှာသွားခြင်း၊ ဇူဇကာပုဏ္ဏားအား အမိတ္တာပုံက ကျွန်အရှာခိုင်းခြင်း၊ ဝေဿန္တရာမင်းကြီးက သားတော်နှင့်သမီးတော်တို့ကို ဇူဇကာပုဏ္ဏားထံ ပေးလှူခြင်း စသည့် အဖြစ်အပျက်များသည် အာရုံပုံရိပ်တွင် ထင်ဟပ်လာသည်။

ရုပ်စုံကျောင်းတွင် ထွင်းထုထားသော ဝေဿန္တရာဇာတ်တော်နှင့် သက်ဆိုင်သည့် ဇာတ်ကွက် (၁၇)ကွက်သည် မူလဇာတ်တော်၏ အဓိကဦးတည်ချက်ကို ပေါ်လွင်စေရန် အသေးစိတ် ပုံဖော်ထားသော ဇာတ်ကွက်များဖြစ်ကြောင်း တွေ့ရပါသည်။ ဤဇာတ်တော်တွင် ဇာတ်ကွက် (၁၇)ကွက်ဖြင့် တင်ပြထား သည်ကို တွေ့ရပါသည်။ ဝေဿန္တရာမင်းကြီး၏ အလှူပေးကြူးပုံနှင့် ဆက်စပ်လျက် ရဲရင့်ခြင်း အားရ တက်ကြွခြင်းဆိုသည့် ဝီရရသ၊ ဇူဇကာပုဏ္ဏားနှင့် ဆက်စပ်လျက် စက်ဆုပ်ရွံရှာခြင်းဖြစ်၍ ဝိဘစ္ဆရသ၊ မဒ္ဒီဒေဝီ သားသမီးတို့နှင့်ခွဲခွာရခြင်း နှင့်ဆက်စပ်လျက် သနားခြင်း ကရုဏာရသ၊ တရားဓမ္မ၌ နှစ်သက်စိတ်တို့ကို ဖြစ်ပေါ်စေ၍ စိတ်ကြည်နူးမှု သန္တရသကို ခံစားရစေပါသည်။



## သုံးသပ်ချက်

မြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ် ဘဝဇာတ်တော်များသည် မြန်မာကလေးသူငယ်များနှင့် အိပ်ယာဝင်ပုံပြင်များ အသွင်ဖြင့် ရင်းနှီးလျက်ရှိသည်။ အသက်အရွယ် ပြောင်းလဲလာသည့်တိုင်အောင် ငယ်စဉ်ကစွဲခဲ့သော ပုံရိပ်များသည် အကြောင်းဆက်စပ်မှုရှိလာတိုင်း အာရုံတွင် ပုံရိပ်ထင်လာစမြဲ ဖြစ်သည်။

အနုပညာရှင်တို့သည် မိမိတို့ကျွမ်းကျင်ရာဖြင့် ပရိသတ်ကို အမျိုးမျိုး ပုံဖော်ဖန်တီးပြသကြသည်။ မြတ်စွာဘုရားရှင်၏ နောက်ဆုံးဆယ်ဘဝ ဇာတ်တော်များကို ဝတ္ထုသဖွယ် ရေးသားသီကုံးခြင်း၊ ဇာတ်တော်ကြီးများဖွဲ့လျက် သရုပ်ဆောင်ကပြကြခြင်း၊ စကားလုံးများစီခြယ်၍ သီချင်းစပ်ဖွဲ့ သီဆိုကြခြင်း၊ ရုပ်ပုံရေးခြယ်၍ ပုံဖော်ခြင်းများ ရှိသည့်အနက်မှ ဤစာတမ်းတွင်ပါဝင်သော ဇာတ်ကြီးဆယ်ဘွဲ့သည် ပန်းပုရုပ်ကြွများဖြင့် ဆန်းသစ်ထားသောအနုပညာများ၊ ပန်းပုရုပ်ကြွများဖြင့် သရုပ်ဆောင်ပြထားသော ဇာတ်ကွက်များဖြစ်သည်။ ထိုပန်းပုရုပ်ကြွများ သည် အာရုံပုံရိပ်နှင့် ဆက်စပ်လိုက်သောအခါ အသက်ဝင် လှုပ်ရှားလာကြခြင်းဖြစ်သည်။ ပန်းပုရုပ်ကြွများမှတစ်ဆင့် ရသနှစ်သက်မှုများ နိုးကြွလာကြသည်။ ပုံဖော်ထုဆစ်သူက အနှစ်ချုပ်ပုံဖော်ကာ ရသထည့်ပေးထား သကဲ့သို့ ကြည့်ရှုခံစားသူက ရသကိုမြင်အောင် ကြည့်ရှုခံစားပါက အနုပညာ၏တန်ဖိုးသည် ပေါ်လွင်ထင်ရှားလာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာမတတ်သူများအတွက် ပန်းပုရုပ်ကြွများသည် နားလည်ရအလွယ်ဆုံးသော ရသ ပေးနည်း တစ်ခုဖြစ်ခဲ့ကြောင်း သိနိုင်ပါသည်။ ရသမှတစ်ဆင့် တရားဟောခြင်း တစ်မျိုးဖြစ်သည်ဟု လည်း ယူဆမိပါသည်။

ထို့ပြင် အာရုံပုံရိပ်နောက်တွင် ကပ်ပါလာတတ်သော ခံစားမှုသည်လည်း ရှိလာပါသည်။ ဇနကမင်းသားကို အားကျစိတ် ကြိုးစားလိုစိတ်ဆိုသည့် ဝီရရသ၊ သုဝဏ္ဏသာမကဲ့သို့ မိဘကိုလုပ်ကျွေး ပြုစုလိုစိတ်၊ မဒ္ဒီဒေဝီကို သနားစိတ်ဆိုသည့် ကရုဏာရသ၊ ဇူဇကာပုဏ္ဏားကို စက်ဆုပ်ရွံရှာစိတ်ဖြစ်၍ ဝိဘစ္ဆရသစသည့် ရသမျိုးစုံကိုခံစားရပြီး နောက်ဆုံးတွင် ဘုရားအလောင်းပုဂ္ဂိုလ်များ၏ အခက်အခဲမျိုးစုံ ကြုံရသည့်ကြားမှ တည်ကြည်သော သီလ၊ သမာဓိတို့ကြောင့် ရရှိလာသော အေးချမ်းသည့် သန္တရသ တို့ကို ခံစားလာရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်မှဖြစ်စေ၊ အနုပညာတစ်မျိုးမျိုးမှဖြစ်စေ ခံစားမှု ရှိလျှင် ရသကို ခံစားရမည်သာ ဖြစ်သည်။

စစ်ကိုင်းရုပ်စုံကျောင်းရှိ ဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုရုပ်ကြွများတွင် ဇာတ်တော်အလိုက် လိုအပ် သလို အနည်းအများသင့်အောင် ထွင်းထုထားသည့် အနှစ်ချုပ် ပုံဖော်ထားနိုင်သော စွမ်းရည်ကို တွေ့ရပါ သည်။ နှစ်ကာလကြာပြီဖြစ်၍ ဇာတ်ကွက်များ ပျက်စီးသွားသည်လည်း ဖြစ်တန်ရာသည်ဟု ယူဆမိ ပါသည်။

ဤစာတမ်းတွင် မြန်မာ့တို့၏ လက်မှုအနုပညာတစ်မျိုးဖြစ်သော ပန်းပုရုပ်ကြွ ပုံအညွှန်း သင်္ကေတများမှတစ်ဆင့် ရရှိသောရသများကို သတိထား ခံစားသိရှိစေလိုသောကြောင့် ဖော်ထုတ် မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

## နိဂုံး

ဤစာတမ်းတွင် မြန်မာမှုအနုပညာ ပန်းပုရုပ်ကြွများမှ ရရှိသောရသကို ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ မည်သည့် အနုပညာရုပ်မဆို ရသပေးစွမ်းသည်မှာ အတူတူပင် ဖြစ်ကြောင်း တွေ့ရှိရသကဲ့သို့ မိမိတို့ စိတ်ဝယ်ထင်ဟပ်နေသော အာရုံပုံရိပ်များသည် ပိတ်ကားတွင် လှုပ်ရှားလာသော သက်ရှိများ သဖွယ် အသက်ဝင်လာကာ ရသကို ခံစားရစေကြောင်း တွေ့ရပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်။ မောင်(ဓနုဖြူ) ။ (၂၀၁၆)။ ***သင်္ကေတဗေဒနိဒါန်း*** ၊ရန်ကုန်မြို့၊ **The Key Collection** ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေ အဖွင့်နှင့်နိဒါန်း။*** ရန်ကုန်မြို့၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ထွန်းမြင့်၊ဦး၊ (ဒဂုန်)။ (၁၉၉၆)။ ***ဓာတ်ကြီးဆယ်ဘွဲ့*** ၊ရန်ကုန်မြို့၊ ရာပြည့်စာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်မြို့၊ နေလင်းပုံနှိပ်တိုက်။

ရွှေအောင်၊ဦး။ (၂၀၀၃)။ ***ရသစာပေ၏ ရသ။*** ရန်ကုန်မြို့၊ ရာပြည့်စာအုပ်တိုက်။